UNITED STATES INSTITUTE OF PEACE

PEACEBRIEF 14

United States Institute of Peace • www.usip.org • Tel. 202.457.1700 • Fax. 202.429.6063

March 30, 2010

LEX RIEFFEL AND RAYMOND GILPIN

E-mail: rgilpin@usip.org

Phone: 202.429.4724

# စီးပွားရေးပြုပြင်ပြောင်းလဲမှုဖြင့် မြန်မာနိုင်ငံ၏ အထီးကျန်ဝါဒ ကျင့်သုံးနေမှုကို ငြိမ်းချမ်းစွာ လမ်းဖွင့်ပေးပြီး နိဂုံးချုပ်စေမည်လော။

## အနှစ်ချုပ်

- ပြည်တွင်းစစ်၊ စစ်တပ်အုပ်ချုပ်ရေးနှင့် အာဏာရှင်ဆန်ဆန် အုပ်ချုပ်မှုတို့ဖြင့် ဆယ်စုနှစ်ပေါင်းများစွာ ဖြတ်သန်းပြီးနောက်၊ ငြိမ်းချမ်းရေးကို မြှင့်တင်ဆောင်ရွက်နိုင်ရေးအတွက် ထိရောက်သည့် နိုင်ငံတကာ ကူညီပံ့ပိုးမှုများပြုရန် မြန်မာနိုင်ငံ၏စီးပွားရေးအခြေအနေသည် အစပျိုးဝင်လမ်းတစ်ခု အဖြစ် အခြေအနေပေးနေပါသည်။ ဤသို့ဆောင်ရွက်နိုင်ရန်အတွက် နိုင်ငံ၏ရှုပ်ထွေးနက်နဲလှသည့်၊ တဖြည်းဖြည်းဖွံ့ဖြိုးနေသည့် နိုင်ငံရေး-စီးပွားရေး သဘောကို သေချာနားလည်ရန် လိုအပ်ပါသည်။
- ၂၀၀၈ ခုနှစ်တွင် တိုက်ခတ်ခဲ့သည့် နာဂစ်ဆိုက်ကလုန်းမုန်တိုင်း၏ ရေရှည်ဝင်ငွေနှင့် ဖြန့်ဝေမှုအပေါ် ထိခိုက်သက်ရောက်မှု၊ ဖွဲ့စည်းပုံအသစ်နှင့် ၂၀၁၀ ခုနှစ် ရွေးကောက်ပွဲနှင့်အတူ ဖြစ်လာမည်ဟု မျှော်လင့်ထားရသည့် အပြောင်းအလဲများ၊ သမ္မတအိုဘားမား အစိုးရအဖွဲ့၏ မြန်မာနိုင်ငံအရေးအပေါ် ပို၍အလေးပေးရန် ဆုံးဖြတ်ချက် စသည့် အခြေအနေများကြောင့် ရေရှည်ငြိမ်းချမ်းရေး တည်တံ့စေရေးအတွက် စီးပွားရေးယန္တရားစနစ်များကို တီထွင်ဖန်တီးမှုရှိရှိ အသုံးချရန် အချိန်သင့်တော်နေပြီ ဖြစ်သည်။
- ကြီးထွားလာနေသည့် ပြဿနာများကြောင့် မြန်မာနိုင်ငံ၏ စီးပွားရေးနှင့် နိုင်ငံရေးတည်ငြိမ်မှု လမ်းလွဲသွားနိုင်သည့် အခြေအနေလည်း ရှိနေသည်။ ဤပြဿနာများတွင်း ကျိုးကြောင်းမဆီလျော်သည့် မက္ကရိုနိုင်ငံအဆင့် စီးပွားစီမံခန့်ခွဲမှု မူဝါဒများ၊ သဘာဝအရင်းအမြစ်များမှ ရရှိသည့် အကျိုးအမြတ်များကို နိုင်ငံသားအားလုံးက မခံစားရခြင်း၊ အကျယ်အပြန့် ဖြစ်နေသည့် အကျင့်စာရိတ္တပျက်ပြားမှုများ၊ ကြီးထွားလာနေသည့် တရားမဝင် စီးပွားရေးစနစ်၊ အလုပ်မဖြစ်နိုင်သော ငွေကြေးစနစ်နှင့် အခြေခံအဆောက်အဦးများ ချို့တဲ့နေခြင်းကိစ္စများ ပါဝင်သည်။ ဤပြဿနာများကို မဖြေရှင်းနိုင်ပါက ငြိမ်းချမ်းရေးတည်ဆောက်မှု ကြိုးပမ်းချက်များကို ထိခိုက်စေမည် ဖြစ်သည်။
- မြန်မာနိုင်ငံတွင် ချမှတ်ကျင့်သုံးသင့်သည့် ပဋိပက္ခများကို အလေးထားကြည့်သော စီးပွားရေးမူဝါဒများအနေနှင့် ထိရောက်သည့် အရည်အသွေးမြှင့်တင်ရေးလုပ်ငန်းများ၊ ရေရှည်တည်တံ့သည့် မူဝါဒရေးရာပြုပြင်မှုများ၊ အကျင့်ပျက်ခြစားမှုများ လျှော့နည်းကျဆင်းစေရန် သိသာသည့် ဆောင်ရွက်ချက်များ၊ ပြည်နယ်/တိုင်းအဆင့် အာဏာပိုင်များသို့ ဘဏ္ဍာဝင်ငွေ တိုးမြှင့်ချထားခြင်းနှင့် ကောင်းမွန်သည့် သဘာဝရင်းမြစ် စီမံခန့်ခွဲထိန်းချုပ်မှုများ ကျင့်သုံးရမည်ဖြစ်သည်။ ဤလုပ်ငန်းများ အောင်မြင်စေရန်အတွက် ပြည်တွင်းရှိ အင်အားစုများတွင် ကျိုးကြောင်းဆီလျော်ပြီး ဆက်တိုက်ဆောင်ရွက်သည့် မူဝါဒဖွံ့ဖြိုးမှုများ ဖြစ်လာစေရန် နိုင်ငံရေးအရ အကောင်အထည်ဖော်လိုသည့် ခိုင်မြဲသည့်ဆန္ဒနှင့် မြန်မာနိုင်ငံ၏ နိုင်ငံတကာမိတ်ဆွေများထံမှ စနစ်တကျ ဦးတည်ထားသည့် ပံ့ပိုးပေးမှုများ လိုအပ်မည် ဖြစ်ပါသည်။

> ‘လက်တွေ့ကျသော ချဉ်းကပ်မှု ဟူသည့် မူဝါဒအသစ်သည် စီးပွားရေးနှင့် နိုင်ငံရေးအရ ဒဏ်ခတ်ပိတ်ဆို့မှုများ ဆက်လက်ထိန်းသိမ်းထားစဉ်တွင် ပို၍ထိတွေ့ချဉ်းကပ်မှုများ ဆောင်ရွက်သွားမည်ဖြစ်သည်။ ဤချဉ်းကပ်မှု၏ ဗဟိုချက်တွင် တာဝန်သိသည့် စီးပွားရေးအရ ပံ့ကိုင်ဦးဆောင်မှုလည်း ပါဝင်သည်။ အမေရိကန်ပြည်ထောင်စု၏ မူဝါဒအသစ်အပေါ် ထပ်မံဖွင့်ဆိုရှင်းပြမှုများဖြင့် နိုင်ငံတကာ ထောက်ခံမှု ပိုမိုရရှိလာအောင် စည်းရုံးနိုင်မည် ဖြစ်ပြီး၊ နောက်ထပ် မြန်မာအစိုးရသစ်အတွက် အထူးလိုအပ်နေသည့် အချိန်နှောင်းနေပြီ ဖြစ်သည့် ပြုပြင်ပြောင်းလဲရေး အစီအစဉ်ကို ထောက်ခံပံ့ပိုးမှုများ ပြုနိုင်စေမည် ဖြစ်သည်။’

©USIP 2010 • All rights reserved.

Lex Rieffel နှင့် Raymond Gilpin တို့ ရေးသားပြီး United Institute of Peace မှ အင်္ဂလိပ် ဘာသာဖြင့် ထုတ်ဝေဖြန့်ချိ သည့် "Can Economic Reform Open a Peaceful Path to Ending Burma's Isolation? " ငြိမ်းချမ်းရေး အစီရင်ခံစာ အကျဉ်းကို အောင်သူငြိမ်းက မြန်မာဘာသာပြန်ဆိုထားခြင်း ဖြစ်ပါသည်။ မူရင်း အစီရင်ခံစာကို ဖတ်ရှုလိုပါက -http://www.usip.org/resources/can-economic-reform-open-peaceful-path-ending-burma-s-isolation သို့ သွားရောက် ဖတ်ရှုပါရန်။

## နောက်ခံသမိုင်း

၁၉၄၈ ခုနှစ်၊ မြန်မာနိုင်ငံ လွတ်လပ်ရေးရရှိချိန်မှစ၍ မပြေလည်နိုင်ခဲ့သည့် ပြည်တွင်းစစ်သည် ကမ္ဘာပေါ်တွင် သက်တန်းအရှည်ကြာဆုံး စစ်ပွဲတစ်ခုဖြစ်လာပြီး၊ လူမျိုးရေးမတူ ကွဲပြားမှုအကြောင်းများနှင့် သဘာဝရင်းမြစ် ပေါကြွယ်ဝမှုအပေါ်တွင် အမြစ်တည်နေပါသည်။[1] နှစ်ပေါင်း (၆၀)ကျော်ကြာ လွဲမှားသည့် မူဝါဒကျင့်သုံးမှုများကြောင့် ဒုတိယကမ္ဘာစစ်အပြီး အရှေ့တောင်အာရှနိုင်ငံများအနက် စီးပွားရေးအရ အလားအလာအကောင်းဆုံး နိုင်ငံတစ်ခုမှနေ၍ လူမှု-စီးပွားညွှန်းကိန်းများ အားလုံးနီးပါး အရ ကမ္ဘာပေါ်တွင် အနိမ့်ကျဆုံး နိုင်ငံတစ်ခုအဖြစ် သတ်မှတ်ခံရသည့် အနေအထား ဖြစ်လာသည်။

စနစ်ပုံပန်းမကျလှသေးသည့် ပါလီမန်ဒီမိုကရေစီ ကာလတစ်ခုကို ဖြတ်သန်းပြီးနောက်၊ ဗိုလ်ချုပ်ကြီးနေဝင်းက တမင်ရည်ရွယ်၍ နိုင်ငံတော်ကို တံခါးပိတ်ဝါဒကျင့်သုံးသည့် ဆိုရှယ်လစ်နိုင်ငံ တစ်ခုအဖြစ် ၁၉၆၂ ခုနှစ်တွင် ပြောင်းလဲခဲ့သည်။ ၁၉၈၈ ခုနှစ် လူထုအုံကြွမှုကာလတွင် ဦးနေဝင်း ဖယ်ရှားခံရပြီး၊ စစ်အစိုးရသစ်က ဈေးကွက်စီးပွားရေးပြုပြင်ပြောင်းလဲမှုများနှင့် ပို၍ဒီမိုကရေစီကျသည့် အစီအစဉ်များ စမ်းသပ်ကျင့်သုံးလာခဲ့သည်။ ၁၉၉၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲတွင် ဒေါ်အောင် ဆန်းစုကြည် ဦးဆောင်သော၊ စစ်အစိုးရကို ဆန့်ကျင်သည့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) က အနိုင်ရရှိခဲ့သည်။ သို့သော်လည်း စစ်အစိုးရက ရွေးကောက်ပွဲရလဒ်ကို လက်ခံရန် ငြင်းပယ်ကာ ထိုအချိန်မှစ၍ တင်းကျပ်စွာ အုပ်ချုပ်လာခဲ့သည်။ ၁၉၉၁ ခုနှစ်မှစ၍ ငြိမ်းချမ်းရေးနိုဘယ်ဆု ချီးမြှင့်ခံရသူ ဒေါ်အောင်ဆန်းစုကြည်ကို နှစ်အတော်များများ နေအိမ်အကျယ်ချုပ် ချထားခဲ့သည်။

စစ်အစိုးရက သူတို့အာဏာခိုင်မြဲစေရေးအတွက်နှင့် တရားဝင်နည်းဖြင့်ရော၊ တရားမဝင်နည်းဖြင့်ပါ ‘အကျိုးအမြတ်’ ထုတ်ယူနိုင်ရေးအတွက် စီးပွားရေးမူဝါဒများနှင့် လုပ်ထုံးလုပ်နည်းများကို အသုံးချလာခဲ့သည်။ ၁၉၉၀ ခုနှစ်များတွင် စစ်အစိုးရက ယခင်အကြမ်းဖက် ပဋိပက္ခအခြေအနေမှ ထွက်ပေါက်အဖြစ် သူပုန်တပ်ဖွဲ့များနှင့် အပစ်အခတ်ရပ်ဆဲရေး သဘောတူညီချက်များပြုကာ၊ ၎င်းတို့ကို ဘိန်းကုန်ကူးခွင့် ‘အခွင့်အရေးများ’ ပေးခဲ့သည်။[2] ဤအစီအမံကြောင့် မခိုင်မြဲလှသည့် ငြိမ်းချမ်းရေးအခြေအနေတစ်ရပ် ဖြစ်ပေါ်လာကာ၊ ၁၉၈၆ ခုနှစ်မှ ၁၉၉၆ ခုနှစ်အတွင်း ဘိန်းအထွက် နှစ်ဆတိုးလာစေပြီး၊ တဖန် အမ်ဖီတမင်း စိတ်ကြွဆေးပြား ထုတ်လုပ်မှုများလည်း ရှိလာခဲ့သည်။ ကုန်သွယ်ရေးတွင် အကျိုးစီးပွားအရ ပါဝင်နေကြသူ စစ်အစိုးရခေါင်းဆောင်များ အနေနှင့် တရားဝင်မဟုတ်သော်လည်း၊ ‘ပူးပေါင်းထုတ်လုပ်နေကြသည့် အနေအထား’ တွင် အကျိုး ဖြစ်ထွန်းစေခဲ့သည်။ စီးပွားရေးအရ ပြုပြင်ပြောင်းလဲရေး ကြိုးပမ်းမှုအများစုမှနေ၍ စစ်အစိုးရက စီးပွားရေးအပေါ် ထိန်းချုပ်မှု ပို၍ခိုင်မာလာစေသည်။ ၁၉၉၀ ခုနှစ်တွင် ကျင့်သုံးခဲ့သည့် အခွန် လွတ်ငြိမ်းခွင့်သည် မူးယစ်ရာဇာများအတွက် ငွေမဲခဝါချရန် သိသိသာသာ အထောက်အပံ့ဖြစ်စေခဲ့ပြီး၊ ၁၉၉၃ ခုနှစ်တွင် ပြည်တွင်းသုံး နိုင်ငံခြားငွေ (FEC) စတင်ထုတ်ဝေခဲ့ရာတွင် မူးယစ်ဆေး ကုန်သွယ်မှုမှ တရားမဝင် ရရှိထားသည့်ငွေများ၊ ပြည်ပရှိ ချမ်းသာကြွယ်ဝမှုများကို ပြန်၍ နိုင်ငံတွင်းသို့ လွယ်ကူစွာ သွင်းယူနိုင်ခဲ့ကြသည်။[3] ထို့အပြင် နိုင်ငံတကာမှ ပိတ်ဆို့ထားစေကာမူ ၂၀၀၀ ခုနှစ်တွင် သဘာဝဓာတ်ငွေ့ တင်ပို့ရောင်းချရာမှစ၍ ပြည်တွင်းစီးပွားရေးတက်လာခဲ့ပြီး၊ စီးပွားရေးလောကနှင့် ပြည်တွင်းနိုင်ငံရေးအပေါ် စစ်အစိုးရက ထိန်းချုပ်မှု အားကောင်းလာစေခဲ့သည်။

အရေးကြီးသည်မှာ မြန်မာနိုင်ငံ၏ စီးပွားရေးတစ်ခုလုံးကို စစ်အစိုးရက ပြန်ပေးဆွဲသိမ်းပိုက်ထားခြင်းဖြစ်သည်။ စစ်တပ်အရာရှိ တပ်မှူးများက အဆင့်ပေါင်းစုံတွင် အကျယ်အပြန့် လာဘ်စားမှုများ ဆောင်ရွက်နေပြီး၊ ၎င်းတို့အတွက် အကျိုးအမြတ်ထုတ်ယူနိုင်မည့် စနစ်ယန္တရားကို အလွန်အကျိုး

©USIP 2010 • All rights reserved.

ဖွဲ့စည်းဦးဆောင်နေကြသည်။ မမြင်သာ ပိန်းမှောင်နေသည့် အနေအထားသည်သာ ထိုသူတို့၏ အဓိကဖုန်းကွယ်ရာ ဖြစ်နေစေသည်။

## ကစားပွဲ အပြောင်းအလဲအတွက် ဖြစ်နိုင်ခြေ ၃-ခု

ပထမတစ်ခုမှာ ၂၀၀၈ ခုနှစ်၊ မေလတွင် မြန်မာနိုင်ငံကို ဖျက်ဆီးတိုက်ခတ်ခဲ့သည့် နာဂစ်ဆိုက်ကလုန်းမုန်တိုင်းဖြစ်သည်။ ၎င်းမုန်တိုင်းသည် မြန်မာနိုင်ငံ၏ ဆန်စပါးထွက်ရှိရာ မြစ်ဝကျွန်းပေါ်ဒေသကို အကြီးအကျယ် ထိခိုက်ပျက်စီးစေခဲ့သည်။ ခန့်မှန်းခြေလူပေါင်း (၈၅,၀၀၀) သေကြေခဲ့ရပြီး၊ လူ (၅၀,၀၀၀)မျှ ပျောက်ဆုံးခဲ့သည်။ နိုင်ငံ၏မွေးမြူရေးလုပ်ငန်း ပမာဏများကို ပျက်စီးစေခဲ့သလို၊ ငါးဖမ်းလှေများ၏ ထက်ဝက်ကျော်လည်း ပျက်စီးခဲ့ရသည်။ စပါးခင်းဧက သန်းပေါင်းများစွာကို ရေနစ်မြုပ်စေခဲ့ပြီး၊ မြန်မာနိုင်ငံ ကျေးလက်ဒေသအဖို့ မူလကတည်းကမှ စစ်အစိုးရ၏ လွဲမှားသည့် မူဝါဒများကြောင့် ထိခိုက်နစ်နာနေကြရသည့်အချိန်တွင်၊ မုန်တိုင်းကြောင့် လူသားချင်းစာနာမှု ကပ်ဘေးအခြေအနေ ဆိုက်ရောက်စေခဲ့သည်။ စစ်အစိုးရက ၎င်းကပ်ဘေးအခြေအနေကို စီမံခန့်ခွဲရန် မစွမ်းနိုင်ဘဲ ရှိနေသည့်အတွက်ကြောင့်သာ၊ မကြုံစဖူး (အာဆီယံအဖွဲ့) က ဦးဆောင်သော ဒေသတွင်းမှ ကယ်ဆယ်ရေး၊ ပြန်လည်ထူထောင်ရေး အကူအညီများကို လက်မခံချင်ဘဲ လက်ခံခဲ့ရသည်။ မြန်မာနိုင်ငံရှိ ပြည်သူများကို မည်သို့ ထောက်ပံ့နိုင်ပါမည်နည်း၊ စစ်အစိုးရက စွမ်းဆောင်နိုင်ပါ့မည်လော ဟူသည့် ကြီးလေးသည့် မေးခွန်းလည်း စစ်အစိုးရအပေါ် သက်ရောက်စေခဲ့သည်။ လူသားချင်းစာနာသည့် ကြားဝင်အကူအညီပေးမှုများကြောင့် မြန်မာနိုင်ငံ၏ စီးပွားရေးနှင့် လူမှုရေးကိစ္စများတွင် ဒေသဆိုင်ရာနိုင်ငံများမှ တစ်စုံတရာ ဝင်ရောက်ဆောင်ရွက်လာနိုင်ကြသည်။ ဤသည်မှာ ယခုအချိန်တိုင် ရရှိနေသည့် မျှော်လင့်မထားသော ဖွံ့ဖြိုးတိုးတက်မှုပင်ဖြစ်သည်။ ဤမှနေ၍ ကုလသမဂ္ဂအာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာ စီးပွားရေးနှင့် လူမှုရေးကော်မရှင်(ESCAP) က နိုင်ငံ၏ မြို့တော်သစ်၊ နေပြည်တော်တွင် နိုင်ငံ၏စီးပွားရေးအလားအလာနှင့် ပတ်သက်၍ အလွတ်သဘော ဆွေးနွေးပွဲတစ်ခုကို ၂၀၀၉ ခုနှစ်၊ ဒီဇင်ဘာလတွင် စတင်ကျင်းပနိုင်ခဲ့သည်။ ဤဆွေးနွေးပွဲကို အချို့သော မြန်မာ့အရေး လေ့လာစောင့်ကြည့်နေသူများက အဓိပ္ပါယ်ပြန် သုံးသပ်ကြရာတွင် စိတ်ဝင်စားဖွယ်အခြေအနေဟု ဆိုကြပြီး၊ စစ်အစိုးရက နောက်ထပ် ပွင့်လင်းလာဖွယ်ရှိသည်ဟု မြင်ကြသည်။

ကစားပွဲအပြောင်းအလဲအတွက် နောက်ထပ်ဖြစ်နိုင်ချေ ဒုတိယတစ်ခုမှာ ၂၀၁၀ ခုနှစ်တွင် ကျင်းပရန် စီစဉ်ထားသည့် ရွေးကောက်ပွဲဖြစ်သည်။ ၂၀၀၈ ခုနှစ်က စနစ်တကျစီမံခဲ့သည့် ဆန္ဒခံယူပွဲတွင် ဖွဲ့စည်းပုံအခြေခံဥပဒေအသစ်ကို အတည်ပြုခဲ့ပြီး၊ ၎င်းအရ စစ်တပ်က အထူးလွှမ်းမိုးအာဏာရှိသည့် အခန်းကဏ္ဍကို အာမခံပေးထားသည်။ သို့သော်လည်း ပါတီစုံစနစ်အခြေခံနှင့် အပြန်အလှန်ထိန်းညှိမှုများကို ခွင့်ပြုထားပေးပြီး၊ အခြေခံလူ့အခွင့်အရေးများကို လေးစားလိုက်နာမည်ဟု ဖော်ပြထားသည်။ ၂၀၁၀ ခုနှစ်၊ မတ်လလယ်ပိုင်းတွင် စစ်အစိုးရက နိုင်ငံတော်အဆင့်နှင့် ဒေသဆိုင်ရာအဆင့် ရွေးကောက်ပွဲများကို စီမံရန် ရွေးကောက်ပွဲဥပဒေ ၅-ခု ထုတ်ပြန်ခဲ့သည်။

ဤရွေးကောက်ပွဲများမှနေ၍ အရပ်သားအစိုးရ ထွက်ပေါ်လာစေရန် ပြည်တွင်း၊ ပြည်ပအင်အားစုများမှ ဖိအားပေးနေကြပြီး မြန်မာနိုင်ငံအဖို့ စီးပွားရေးအထီးကျန်မှုမှ ထွက်စေမည့် မူဝါဒများ၊ မိတ်ဖက်အာဆီယံနိုင်ငံများနှင့် နီးစပ်သည့် တန်ဖိုးထားမှုများ ရှိလာစေရန် မူဝါဒများ ချမှတ်ဆောင်ရွက်ရန် မျှော်လင့်နေကြသည်။ လေ့လာသူအများစုက ယခုရွေးကောက်ပွဲများသည် ပြီးပြည့်စုံလိမ့်မည်ဟု မျှော်လင့်မထားကြဘဲ၊ ဖွဲ့စည်းပုံအခြေခံဥပဒေအသစ်နှင့် ၂၀၁၀ ရွေးကောက်ပွဲသည် ဖိနှိပ်ချုပ်ချယ်

©USIP 2010 • All rights reserved.

ထားသည့် မြန်မာနိုင်ငံရေး-စီးပွားရေးအခြေအနေကို ပျက်ပြယ်စေမည့် ပထမခြေလှမ်းတစ်ခု ဖြစ်စေမည်ဟု စာရေးသူများ ရှုမြင်မိကြပါသည်။

ကစားပွဲအပြောင်းအလဲအတွက် နောက်ထပ်ဖြစ်နိုင်ချေ တတိယတစ်ခုမှာ အမေရိကန်ပြည်ထောင်စု၏ များမကြာမီက မူဝါဒအပြောင်းအလဲများအပေါ်တွင် စစ်အစိုးရ၏ တုံ့ပြန်မှုပင် ဖြစ်သည်။ ၂၀၀၉ ခုနှစ်၊ ဖေဖော်ဝါရီလတွင် အမေရိကန်ပြည်ထောင်စု နိုင်ငံခြားရေးဝန်ကြီး ဟေလာရီရိုဟ်ဒမ်ကလင်တန် (Hillary Rodham Clinton)က အနောက်နိုင်ငံများမှ ကျင့်သုံးသည့် ဒဏ်ခတ်အရေးယူမှုများသည် လည်းကောင်း၊ မြန်မာ့အိမ်နီးချင်းနိုင်ငံများမှ ကျင့်သုံးသည့် အပြုသဘော ချဉ်းကပ်မှုများသည် လည်းကောင်း၊ စစ်အစိုးရ၏ အပြုအမူပြောင်းလဲစေရေးအတွက် အလုပ်မဖြစ်ကြောင်း အသိအမှတ်ပြုခဲ့သည်။[4] စက်တင်ဘာလတွင် သူက အမေရိကန်ပြည်ထောင်စုနှင့် မြန်မာနိုင်ငံမူဝါဒ ပြန်လည်သုံးသပ်နေမှုရလဒ်ကို ထုတ်ဖော်ကြေညာခဲ့ပြီး၊ အကယ်၍ စစ်အစိုးရက ဖိနှိပ်အုပ်ချုပ်နေသည့် မူဝါဒများ စွန့်လွှတ်လျှင်၊ အမျိုးသားပြန်လည်သင့်မြတ်ရေး ရရှိလျှင်၊ ငြိမ်းချမ်းရေးကို တိုးမြှင့်ဆောင်ရွက်လျှင် ပုံမှန်ပြန်၍ ဆက်ဆံမည်ဟု ဆိုခဲ့သည်။

'လက်တွေ့ကျသော ချဉ်းကပ်မှု' ဟူသည့် မူဝါဒအသစ်သည် စီးပွားရေးနှင့် နိုင်ငံရေးအရ ဒဏ်ခတ်ပိတ်ဆို့မှုများ ဆက်လက်ထိန်းသိမ်းထားစဉ်တွင်၊ ပို၍ထိတွေ့ချဉ်းကပ်မှုများ ဆောင်ရွက်သွားမည်ဖြစ်သည်။ ဤချဉ်းကပ်မှု၏ ဗဟိုချက်တွင် တာဝန်သိသည့် စီးပွားရေးအရ ပွဲကိုင်ဦးဆောင်မှုလည်း ပါဝင်သည်။ အမေရိကန်ပြည်ထောင်စု၏ မူဝါဒအသစ်အပေါ် ထပ်မံဖွင့်ဆိုရှင်းပြမှုများဖြင့် နိုင်ငံတကာ ထောက်ခံမှု ပိုမိုရရှိလာအောင် စည်းရုံးနိုင်မည်ဖြစ်ပြီး၊ နောက်ထပ် မြန်မာအစိုးရသစ်အတွက် အထူးလိုအပ်နေသည့်၊ အချိန်နောက်ကျနေပြီဖြစ်သည့် ပြုပြင်ပြောင်းလဲရေးအစီအစဉ်ကို ထောက်ခံပံ့ပိုးမှုများ ပြုနိုင်စေမည် ဖြစ်သည်။

## သဘာဝဓာတ်ငွေ့၊ မူးယစ်ဆေးဝါးနှင့် တရုတ်နိုင်ငံ၏ ကြီးထွားလာနေသောဩဇာ

မုတ္တမပင်လယ်ကွေ့မှ ထိုင်းနိုင်ငံသို့ ပိုက်သွယ်တန်းရောင်းချနေသည့် သဘာဝဓာတ်ငွေ့ ရောင်းချမှုမှ မြန်မာနိုင်ငံ၏ ပြည်ပပို့ကုန် အများဆုံးဝင်ငွေ ရရှိနေပါသည်။ နှစ်စဉ် အမေရိကန်ဒေါ်လာ (၂) ဘီလီယံ သို့မဟုတ် ထိုထက်ပို၍ ရရှိနေသည်။ ထို့အပြင် ရခိုင်ပင်လယ်ပြင်မှ တရုတ်နိုင်ငံ၊ ယူနန်ပြည်နယ်သို့ ပို၍ကြီးမားသည့် ပိုက်လိုင်းတစ်ခုကို ယခုအခါ တည်ဆောက်နေလျက်ရှိပြီး၊ ပို၍ ဝင်ငွေရရှိလာစေမည် ဖြစ်သည်။ ကျွန်းသစ်၊ ကျောက်စိမ်းနှင့် အခြားကျောက်မျက်တင်ပို့မှုများသည်လည်းအရေးပါလှပါသည်။ စစ်အစိုးရက ဤရန်ပုံငွေများကို ကျွမ်းကျင်ပါးနပ်စွာ လွှဲပြောင်း၍ မြန်မာနိုင်ငံပြည်သူအများ၏ဘဝများ တိုးတက်လာစေမည်မဟုတ်သည့် ကိစ္စများအပေါ်တွင် သုံးစွဲနေပါသည်။[5] ငွေလဲလှယ်မှုနှုန်းထားအမျိုးမျိုးကို ထားရှိအသုံးပြုနေပြီး၊ စစ်အစိုးရက အစိုးရဘဏ္ဍာတိုက်ထဲမှ နှစ်စဉ် သန်းရာပေါင်းများစွာကို ထုတ်ယူဆုံးရှုံးနေစေပါသည်။ အံ့ဩစရာမရှိသည့်အချက်မှာ ဤရလဒ်များကြောင့် ဘဏ္ဍာရေးလိုငွေပြမှုများ အကြီးအကျယ် ဖြစ်ပေါ်နေရပြီး၊ ၎င်းကို ငွေကြေးရိုက်နှိပ်ထုတ်ဝေခြင်းဖြင့် ဖြည့်ဆည်းနေသည်။ သို့အတွက်ကြောင့် အစဉ်ငွေဖောင်းပွမှုလည်း မြင့်မားနေစေသည်။

မြန်မာနိုင်ငံ ပြည်တွင်းအသားတင်ထုတ်ကုန်တန်ဖိုး (GDP) ၏ တစ်ဝက်ခန့်ကို လယ်ယာကဏ္ဍက နေရာယူထားသည်။ လယ်ယာကဏ္ဍတွင် လူဦးရေအမြောက်အများ ပါဝင်ပတ်သက်နေသော်လည်း၊ ထုတ်လုပ်နိုင်စွမ်းမှာ အလွန်နည်းပါးပါသည်။[6] မြန်မာနိုင်ငံသည် အာရှဒေသ၏ အဆင့်မြင့်စပါးကျီ တဖန်ပြန်ဖြစ်လာနိုင်သည့် အလားအလာရှိနေသော်လည်း ဆန်ထုတ်လုပ်မှုကို ခေတ်မီအောင် ပြင်ဆင်မှသာ ဈေးကွက်ကို လွတ်လပ်စွာဖွင့်ပေးမှသာ၊ မြေပိုင်ဆိုင်မှုပြဿနာကို ဖြေရှင်းပေးနိုင်မှသာ

©USIP 2010 • All rights reserved.

လယ်ယာကဏ္ဍအတွက် ကြွေးမြီပြဿနာများ ပြေလျော့စေမှသာ ဖြစ်နိုင်ပေလိမ့်မည်။[7] စီးပွားရေး အခွင့်အလမ်း မရှိခြင်းနှင့် နိုင်ငံရေးအရ ဖိနှိပ်ထားခြင်းကြောင့် ရည်ရွယ်ချက်ကြီးမားပြီး၊ ပညာတတ်ကြသည့် နိုင်ငံသားများ အမြောက်အများ တိုင်းပြည်ပြင်ပသို့ ထွက်လာနေကြသည်။ နှစ်ပေါင်း(၂၀) အတွင်းတွင် ပြည်ပသို့ ထွက်လာသူ ခန့်မှန်း (၃)သန်းမျှ ရှိနိုင်ပါသည်။

ထိုင်းနိုင်ငံသို့ ဓာတ်ငွေ့တင်ပို့ရောင်းချမှုမှ နိုင်ငံခြားငွေ အမြောက်အများ ဝင်မလာမီ၊ မူးယစ်ဆေးဝါး (ဘိန်းဖြူနှင့် မီသာအမ်ဖီတမင်း) ရောင်းဝယ်မှုမှ ၁၉၉၀ ခုနှစ်များ နှောင်းပိုင်းတွင် နိုင်ငံခြားဝင်ငွေ အများဆုံး ရရှိခဲ့သည်ဟု ခန့်မှန်းကြသည်။ ပြီးခဲ့သည့်နှစ်များတွင် ဘိန်းထုတ်လုပ်မှု သိသိသာသာ ကျဆင်းသွားခဲ့သည်။ သို့သော်လည်း မှောင်ခိုစီးပွားနယ်ပယ်တွင်းသို့ ငွေမာများ စီးဆင်းဝင်လာနေမှုက သိသိသာသာရှိနေသေးပြီး၊ အင်အားကောင်း အာဏာရှိနေသူများမှတဆင့် အစိုးရမူဝါဒများအပေါ် လွှမ်းမိုးသက်ရောက်နိုင်မှု ရှိနေပါသည်။

အခြားမှောင်ခိုစီးပွားနယ်ပယ်တစ်ခုမှာ ကြီးထွားလာနေသည့် တရုတ်လူမျိုးများ၏ အခန်းကဏ္ဍပင် ဖြစ်သည်။ တရုတ်နယ်စပ် မြန်မာနိုင်ငံ၏ အချို့အစိတ်အပိုင်းများတွင် တရုတ် ရီမင်ဘီငွေကို လှည့်လည်သုံးစွဲနေပြီး၊ ပြီးခဲ့သည့် နှစ်များအတွင်း မြောက်ဖက်ဒေသများ၊ ပြည်နယ်များတွင် တရုတ်လူမျိုး တစ်သန်းကျော် တရားမဝင် ဝင်ရောက်အခြေချနေထိုင်ခဲ့ကြပါသည်။ ဤဖြစ်ပေါ် တိုးတက်မှုများက မြန်မာနိုင်ငံ၌ သုံးစွဲနေသည့် ငွေကြေးအမျိုးမျိုးကြောင့် ပေါ်ပေါက်လာရသည့် ပြဿနာများကို အားဖြည့်ပေးပြီး၊ နိုင်ငံအဆင့် မက္ကရိုစီးပွားတည်ငြိမ်မှုတစ်ခုလုံးကိုပါ ထိခိုက်လာဖွယ် အကြောင်း ရှိနေပါသည်။

## ရွေးကောက်ပွဲနောက်ပိုင်း အစိုးရသစ်အတွက် ပြဿနာကြီး ၁၀-ခု

၁။ *လယ်ယာကဏ္ဍကို အားဖြည့်ရန်။* အလုပ်အကိုင်နေရာချထားရေးနှင့် လူနေမှုအဆင့်အတန်း မြင့်မားစေရေးကို ဤနည်းထက်ပို၍ ကောင်းမွန်အောင် ဆောင်ရွက်နိုင်ရန် အကြောင်းမရှိပါ။ ဤကဏ္ဍတွင် အနည်းငယ် တိုးတက်ရုံမျှနှင့်ပင် အကျိုးဖြစ်ထွန်းမှုများစွာ ရစေနိုင်သည်။ အရေးကြီးသည့် လုပ်ငန်းများမှာ ရေရှည်တည်တံ့သည့် အကြွေးရရှိနိုင်သောစနစ်များ ထူထောင်ပေးရေးနှင့် ပြည်ပပို့ကုန် တင်ပို့ရေးအတွက် အကန့်အသတ်များကို ဖယ်ရှားပေးရန် ဖြစ်သည်။ (လယ်ယာကဏ္ဍထွက်ကုန်များ ဈေးမြင့်စေရန် ဖြစ်သည်။)

၂။ *သဘာဝရင်းမြစ် ထုတ်ယူမှုလုပ်ငန်းစီးပွားရေးမှ ရရှိသော အကျိုးအမြတ်များကို လူမှုရေးကဏ္ဍ အတွက် အသုံးချရန်။* ပွင့်လင်းမြင်သာမှု ကင်းမဲ့နေခြင်းကြောင့် မြန်မာနိုင်ငံ၏ ဓာတ်ငွေ့၊ ကျွန်းသစ်နှင့် အခြားပို့ကုန်များသည် ဈေးကွက်ပေါက်ဈေးအောက်၌သာ ရောင်းချနိုင်ကြသည်။ ဤဘဏ္ဍာဝင်ငွေများကို အစိုးရက ရရှိနေသော်လည်း (အခြေခံအဆောက်အဦးများ အပါအဝင်) ဝန်ဆောင်မှုများဖက်သို့ စီးဆင်းအသုံးပြုခြင်း မရှိပေ။ ဤသို့ဝန်ဆောင်မှုများတွင် အသုံးပြုမှသာ စီးပွားရေးစနစ်အနေနှင့် ပို၍ ထုတ်လုပ်မှုစွမ်းအား မြင့်လာမည်၊ ပြိုင်ဆိုင်နိုင်စွမ်းရှိလာမည် ဖြစ်သည်။ ဘဏ္ဍာဝင်ငွေအများစုကို စစ်အစိုးရနှင့် ပတ်သက်နေသည့် အာဏာရှိသူ လူတစ်ဦးချင်းနှင့် အုပ်စုများအတွက်သာ အသုံးချနေသည်။

၃။ *စီးပွားရေးဖွံ့ဖြိုးမှုကို ဖြစ်စေမည့် ဘဏ္ဍာရေး ဗဟိုချုပ်ကိုင်မှုလျှော့ချခြင်းကို ဆောင်ရွက်ခြင်း။* စေတနာကောင်းစွာ ဒေသများနှင့် ပြည်နယ်များသို့ ဘဏ္ဍာဝင်ငွေ ဖြန့်ဝေသုံးစွဲစေခြင်းဖြင့် အမျိုးသား ပြန်လည်သင့်မြတ်ရေးအတွက် ကောင်းစွာအထောက်အကူ ဖြစ်စေပြီး၊ အစိုးရဝန်ဆောင်မှုလုပ်ငန်းများ ကိုလည်း၊ ဗဟိုအဆင့်မှာရော ဒေသဆိုင်ရာ အဆင့်မှာပါ တိုးတက်လာစေနိုင်ပါသည်။

©USIP 2010 • All rights reserved.

၄။ *ဆင်ခြင်တုံတရားဖြင့် ပုဂ္ဂလိကပိုင်ပြုရေးဆောင်ရွက်ရန်။* လက်ဝါးကြီးအုပ်ချုပ်ကိုင်မှု ဖျက်သိမ်းပေးခြင်းဖြင့်၊ စီးပွားရေးစနစ်တွင် အချိန်ရလာသည်နှင့်အမျှ ပြိုင်ဆိုင်မှု ပိုတိုးတက်လာစေပြီး၊ မွမ်းကျပ်နေသည့် နိုင်ငံရေး-စီးပွားရေးအခြေအနေကြောင့် စစ်တပ်ပိုင်းမှလူများကိုသာ ဆုချသလို ဖြစ်စေပြီး၊ ရေတိုကာလတွင် ထိရောက်ထက်မြက်မှုကိုလည်း ကျဆင်းစေနိုင်သည်။ မြန်မာနိုင်ငံ၏ ပုဂ္ဂလိကပိုင်ပြုရေးလုပ်ငန်းများသည် သတိထားဆင်ခြင် ဆောင်ရွက်သင့်သည့်လုပ်ငန်းများ ဖြစ်ပါသည်။

၅။ *နိုင်ငံရပ်ခြား အကူအညီများနှင့် ရင်းနှီးမြှုပ်နှံမှုများကို သေချာစနစ်တကျ နေရာချနိုင်ရန်နှင့် အခြေအနေများ သတ်မှတ်နိုင်ရန်။* အကူအညီပေးမည့် အလှူရှင်များနှင့် ပုဂ္ဂလိကရင်းနှီးမြှုပ်နှံသူများထံမှ သူတို့၏ အကျိုးစီးပွားကြောင့် စုပြုံဆင်းလာမည့် ငွေကြေးအကူအညီများကို ကိုင်တွယ်ရာတွင် စနစ်တကျ ထိန်းချုပ်မည့် မဟာဗျူဟာတစ်ရပ် မရှိဘဲနှင့် အစိုးရအနေဖြင့် ရေရှည်စီးပွားရေး တိုးတက်မှုများ ဖြစ်ပေါ်လာစေရန် အပြန်အလှန် အကျိုးဖြစ်စေမည့်၊ ရှေ့နောက်လျော်ညီသည့် မူဝါဒများ ချမှတ်ဆောင်ရွက်နိုင်လိမ့်မည် မဟုတ်ပါ။

၆။ *အရေးပါသည့် အခြေခံအဆောက်အဦး အားနည်းချက်များကို ဖြေရှင်းရန်။* အရေးအပါဆုံးလိုအပ်ချက်ဟု ယူဆရသည်မှာ မြို့ပြများ၊ မြို့နယ်များတွင် လျှပ်စစ်မီးရရှိစေရေးပင် ဖြစ်သည်။ နောက်ထပ်အရေးအကြီးဆုံးမှာ ကမ္ဘာ့ဆက်သွယ်ရေးကွန်ရက်ဖြစ်သည့် မိုဘိုင်းတယ်လီဖုန်း၊ အင်တာနက်တို့ကို ချိတ်ဆက်ရယူနိုင်ရန် ဖြစ်ပါလိမ့်မည်။ အခြားလိုအပ်ချက်များတွင် ထိုင်းနိုင်ငံ၊ တရုတ်၊ ဘင်္ဂလားဒေ့ရှ်နှင့် အိန္ဒိယနိုင်ငံများသို့ ဆက်သွယ်မည့် အဝေးပြေးလမ်းမများနှင့် သင်္ဘောစရိတ်များ ကုန်ကျမှုသက်သာစေမည့် ဆိပ်ကမ်းများ၊ လယ်ယာမှ ဈေးကွက်သို့ ပေါက်ရောက်ရာလမ်းများ၊ ခရီးသွားလုပ်ငန်းကို မြှင့်တင်ပေးနိုင်မည့် တည်ဆောက်မှုများ ဖြစ်သည်။

၇။ *မက္ကရိုစီးပွားရေး စီမံခန့်ခွဲမှုကို တိုးတက်စေရန်။* ယုံကြည်အားထားရသည့် သန်းခေါင်စာရင်းကောက်ယူမှုအပါအဝင် (၁၉၈၃ ခုနှစ်တွင် မပြည့်စုံသည့် နောက်ဆုံးသန်းခေါင်စာရင်း ကောက်ယူမှုပြုခဲ့သည်။) စာရင်းဇယားများကို တိုးတက်စေခြင်းသည် ဤလုပ်ငန်းတွင် အရေးကြီးသည့် အဆင့်တစ်ခု ဖြစ်သည်။ စည်းစနစ်ကျနသည့် ဘဏ္ဍာရေးမူဝါဒတစ်ရပ်၊ စည်းစနစ်ကျနသည့် ငွေကြေးမူဝါဒတစ်ရပ် ချမှတ်ကျင့်သုံးခြင်းမရှိဘဲနှင့် "စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီစနစ်" ကို အောင်မြင်ရန် ခက်ခဲပါလိမ့်မည်။ ဗဟိုဘဏ်ကို ဖွဲ့စည်းပုံစနစ် ကျနအားကောင်းစေရန် လိုအပ်ပြီး၊ သို့မှသာ ပုဂ္ဂလိကကဏ္ဍ၏ စုဆောင်းငွေ မြင့်တက်လာစေမည် ဖြစ်ပြီး၊ ပြည်တွင်းရင်းနှီးမြှုပ်နှံမှုလည်း တိုးတက်လာစေမည် ဖြစ်သည်။

၈။ *လက်နက်ကိုင်တပ်ဖွဲ့များအတွက် လျော်ကန်စွာ ရန်ပုံငွေထောက်ပံ့ပေးရန်။* တပ်ဖွဲ့များတစ်ခုချင်းအနေနှင့် စီးပွားရေးလုပ်ငန်းများတွင် ပါဝင်ပတ်သက်နေခြင်းကြောင့် အရင်းအမြစ်များ နေရာလွဲချော်စေခြင်း၊ လွဲမှားသုံးမိစေခြင်း မဖြစ်ရလေအောင် လုံလောက်စွာ ရန်ပုံငွေ ထောက်ပံ့ထားပေးရန် အရေးကြီးပါသည်။ အမျိုးသားပြန်လည်သင့်မြတ်ရေးလုပ်ငန်း၏ တစ်ကဏ္ဍအနေနှင့် စစ်တပ်ပိုလျှော့ချနိုင်ပါက တစ်စိတ်တစ်ပိုင်းကို တပ်ဖျက်သိမ်းရေးကိစ္စများအတွက် ဘဏ္ဍာငွေ ဘတ်ဂျက်တစ်စုံတရာ ခွဲဝေချထားသုံးစွဲမှုများလည်း လိုအပ်ကောင်း လိုအပ်နိုင်ပါသည်။

၉။ *ငွေကြေးစနစ်ကို ပြင်ဆင်ရန်။* ငွေကြေးစနစ်၏ မည်သည့်လုပ်ငန်းကမျှ နိုင်ငံတကာစံနှုန်းများနှင့် နီးစပ်ခြင်း ရှိမနေပါ။ ငွေပေးဆောင်ရမှုစနစ်များသည် မဖွံ့ဖြိုးသေးဘဲ အခြေခံအဆင့်မျှသာရှိနေပြီး၊ ကုန်သွယ်ဘဏ်စနစ်များကိုလည်း အလွန်အကျူး ဖိနှိပ်ထားပါသည်။ ကျေးလက်ဒေသတွင် ချေးငွေစနစ်မှာ အကျယ်အပြန့် ပြိုလဲကျဆင်းနေပါသည်။ ကောင်းစွာ စီမံလည်ပတ်နေသည့်

©USIP 2010 • All rights reserved.

အသေးစားငွေချေးလုပ်ငန်းများမှာလည်း စနစ်ကျနသည့် ဥပဒေစည်းမျဉ်းများ မရှိသောကြောင့် အကန့်အသတ် ဖြစ်နေရသည်။ ဘဏ်များအချင်းချင်းကြား ဆက်ဆံသည့် ဈေးကွက်စနစ်နှင့် ပြည်တွင်းငွေကြေးဈေးကွက်မှလည်း မဖြစ်ပေါ်သေးပေ။

၁၀။ *ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုများကို ဖြည်းဖြည်းချင်း ဖွင့်ပေးရန်။* ချက်ချင်းဖွင့်ပေးရန် ဖိအားများ ပြင်းထန်စွာရှိနေနိုင်ပြီး၊ ဤဖိအားများအပေါ် အလွန်အကျူး တုံ့ပြန်မှုကြောင့် နိုင်ငံရေးအရ နောက်ဆက်တွဲပြဿနာများ ပေါ်ပေါက်လာနိုင်သည်။ တရုတ်ရင်းနှီးမြှုပ်နှံမှုများကြောင့် လူမှုရေး မငြိမ်မသက်မှုများ မဖြစ်ပေါ်လာစေရန်လည်း သတိကြီးစွာဖြင့် ကိုင်တွယ်ရန် လိုအပ်ပါလိမ့်မည်။

## ပြန်လည်ဆက်ဆံရေးအတွက် အကြံပြုချက်များ

မြန်မာအစိုးရသစ်နှင့် နိုင်ငံတကာ အသိုင်းအဝိုင်းမှ ပြန်လည်ဆက်ဆံမှုများသည် အောက်ဖော်ပြပါ အကြံပြုချက်များကို ထည့်သွင်းစဉ်းစားဆောင်ရွက်သင့်ပြီး၊ အမျိုးသားပြန်လည်သင့်မြတ်ရေးကို အထောက်အကူ ဖြစ်စေသင့်သလို၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကိုလည်း မျှော်ရည်သင့်ပါသည်။

- ဖြည်းဖြည်းချင်းသာလှမ်းရန်။ အစိုးရသစ်၏ အစောပိုင်းရက်သတ္တပတ်များ၊ လများတွင် ဩဇာသည်ပေါင်းစုံက အထူးအခွင့်အရေးရလိုမှုဖြင့် တွေ့ဆုံမှုများ၊ ရှေ့-နောက်မညီ ရှုပ်ထွေးစေသည့် အကြံပေးမှုများဖြင့် အစိုးရအပေါ် ရှုပ်ထွေးစေမည့်အရေးကို ရှောင်ကျဉ်သင့်သည်။
- အရည်အသွေး မြှင့်တင်ပေးရေးကို အလေးထားရန်။ ဗဟိုအစိုးရ၏ မူဝါဒချမှတ်ရေးနှင့် အကောင်အထည်ဖော်ရေးအပိုင်း၏အရည်အသွေးမှာမဖွံ့ဖြိုးသေးဘဲအခြေခံမျှသာရှိနေပါသည်။ အကယ်၍ နိုင်ငံရပ်ခြားအကူအညီများနှင့် ရင်းနှီးမြှုပ်နှံမှုများက အရည်အသွေး မြှင့်တင်ပေးရေး လုပ်ငန်းများ ဦးဆောင်မလုပ်ဘဲ၊ အခြေအနေအတိုင်း လွှတ်ထားပါက ငွေကြေးအမြောက်အများ ပြုန်းတီးစေမည် ဖြစ်သလို၊ ကြီးမားသည့် လူမှုရေးပြဿနာများလည်း ပေါ်ပေါက်လာနိုင်သည်။
- ဒေသဆိုင်ရာ အဖွဲ့အစည်းများနောက်မှ လိုက်ရန်။ အာဆီယံအဖွဲ့၊ ကုလ အာရှ-ပစိဖိတ် စီးပွားရေး၊ လူမှုရေးကော်မရှင် (ESCAP) တို့ကို အရည်အသွေးမြှင့်တင်ပေးရေး လုပ်ငန်းများ အတွက် ဦးဆောင်စေသင့်ပါသည်။ အနောက်နိုင်ငံမှ ပုံစံများ သွပ်သွင်းခြင်းထက်စာလျှင် အာရှ၏ ကျွမ်းကျင်မှုပုံစံများဖြင့် ပို၍ဆွဲဆောင်စေသင့်သည်။ ဤသို့ ချဉ်းကပ်ပုံဖြင့် လာမည့်ကာလအတွင်း နိုင်ငံကို ဆက်လက်အုပ်ချုပ်နေကြဦးမည့် စစ်တပ်အရာရှိများအတွင်း နက်နက်ရှိုင်းရှိုင်း အမြစ်တွယ်နေသည့် အမျိုးသားရေးဝါဒ၊ နိုင်ငံခြားသား မုန်းတီးရေးအမြင်ဖြင့် ခုခံနေမှုများလည်း ကျဆင်းစေမည်ဟု အကောင်းဆုံးမျှော်လင့်ရသည်။
- နိုင်ငံရေး-စီးပွားရေးစနစ်ကို နားလည်ရန်။ ကမ္ဘာ၏ အခြားသောနေရာများတွင်လည်း ပဋိပက္ခလွန်ကာလ ပြန်လည်ထူထောင်ရေးလုပ်ငန်းများသည် အကျပ်အတည်း အကြီးအကျယ် ကြုံတွေ့ရခြင်းများ ရှိပါသည်။ အကြောင်းမှာ ဝင်ရောက်ကူညီကြသည့် အကူအညီပေးရေး အဖွဲ့များ၊ ပြင်ပမှ အင်အားစုများက အခြေအနေကို မပြောင်းလဲလိုကြဘဲ အကျိုးစီးပွားဖြစ်ထွန်း နေကြသည့်သူများ၊ အုပ်စုများ၏ အင်အားကို လျစ်လျူရှုထားခြင်း၊ လျှော့ပေါ့တွက်ထားတတ် ကြခြင်းကြောင့် ဖြစ်သည်။ သို့သော်လည်း ဖြစ်နိုင်ပါက ဤသူများ၊ အုပ်စုများနှင့် အကျယ်အပြန့် သော လူမှုရေး ရည်မှန်းချက်များ တိုးတက်လာစေရန်နှင့် တန်ဖိုးထားအပ်သည့် လမ်းထွင်သူ လုပ်ငန်းရှင်များ၏ လုပ်ပိုင်ခွင့်နယ်ပယ် ကျယ်ဝန်းလာစေရေးအတွက် ဆောင်ရွက်သင့်သည်။

©USIP 2010 • All rights reserved.

- သဘာဝအရင်းအမြစ်များကိုအကျိုးရှိစွာအသုံးချနိုင်ရေးအတွက်တိုက်တွန်းအားပေးရန်။ မြန်မာနိုင်ငံ၏ သဘာဝရင်းမြစ်များသည် အခြားသော စီမံခန့်ခွဲမှုညံ့ဖျင်းသည့် နိုင်ငံများကဲ့သို့ပင်၊ အလွန်အကျူး ထုတ်ယူသုံးစွဲမှုခံနေရသည်။ အစိုးရအသစ်သည်လည်း ဥပမာအားဖြင့် သဘာဝဓာတ်ငွေ့များ ပိုမိုထုတ်လုပ်ရယူရန် ဖိအားများ ပို၍ရင်ဆိုင်ရနိုင်သေးသည်။ သဘာဝဓာတ်ငွေ့ ကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမှုအသစ်များအတွက် ရေတိုကာလတစ်စုံတရာအထိ ရပ်ဆိုင်းထားပြီး၊ အစိုးရသစ်အတွက် သက်ဆိုင်ရာဥပဒေများ ပြန်လည်ရေးဆွဲပြဌာန်းရန်၊ အဓိကကျသည့် အဖွဲ့အစည်းဌာနစနစ်များကို အားကောင်းစေရန်၊ အစိုးရဘဏ္ဍာထဲသို့ အရင်းအမြစ်များ ပို၍ များပြားစွာစီးဆင်းစေရန်စီမံရေးအတွက်အချိန်ပိုရစေမည်ဖြစ်သည်။ရေအားလျှပ်စစ်စီမံကိန်းများ အတွက်လည်း အလားတူကာ တစ်စုံတရာ ဆိုင်းငံ့ထားမှုများ အထူးပြုလုပ်စေသင့်ပါသည်။

1. ဤအစီရင်ခံစာတွင် Burma/ Myanmar ဟူသည့် အမည်နာမများကို Burma ဟုသာ သုံးစွဲသွားမည် ဖြစ်သည်။

2. Bertil Lintner. Drugs and Economic Growth: Ethnicity and Exports, in Robert I. Rotberg, ed. "Burma: Prospect for a Democratic Future". (Brookings Institution Press, 1998.)

3. Richard Snyder. "Does Lootable Wealth Breed Disorder? A Political Economy of Extraction". in Comparative Political Studies, 2006, Vol. 39, No. 8, 943-968.

4. "Warnings Greet Latest Obama Overtures: Plan to Engage Myanmar Brings Calls for U.S. to Champion Rights, Democracy". The Wall Street Journal, September 25, 2009. Accessed 3/18.2009: http://online.wsj.com/article/SB125375647720536353.html.

5. Sean Turnell, "The Rape of Burma: Where did the wealth go?" The Japan Times, May 2, 2008.

6. Statement on the 'Post-Nargis Recovery and Preparedness Plan' on February 27, 2009. Burma Economic Watch. Accessed 19 March 2010: http://www.econ.mq.edu.au/Econ_docs/bew/BEWStatementPONREPP.pdf

7. David Dapice. "Assessment of the Myanmar Agricultural Economy", paper prepared for International Development Enterprises, Harvard University, 2009.

ယခုအကျဉ်းချုပ် တင်ပြချက်နှင့် ပတ်သက်၍

ယခု USIP အဖွဲ့၏ ငြိမ်းချမ်းရေးဆိုင်ရာ အကျဉ်းချုပ်တင်ပြချက်သည် "ရွေးကောက်ပွဲအကြိုကာလ မြန်မာ့စီးပွားရေး အခြေအနေ" ဟု ခေါင်းစဉ် ပေးထားသည့် တစ်နေ့တာဆွေးနွေးပွဲမှ တင်ပြဆွေးနွေးချက်များကို ထင်ဟပ်ထားခြင်း ဖြစ်ပါသည်။ ၎င်းဆွေးနွေးပွဲကို USIP အဖွဲ့၏ ရေရှည်တည်တံ့ဖွံ့ဖြိုးစေမည့် စီးပွားရေးစနစ်များဆိုင်ရာ ဗဟိုဌာန (Center for Sustainable Economies) နှင့် အမေရိကန်ပြည်ထောင်စု-အာဆီယံ စီးပွားရေးကောင်စီ (U.S.- ASEAN Business Council) တို့က ၂၀၁၀ ခုနှစ်၊ မတ်လ (၄) ရက်နေ့တွင် ပူးတွဲ ကျင်းပခဲ့ပါသည်။ ၎င်းဆွေးနွေးပွဲနှင့် ပတ်သက်၍ အသေးစိတ်အချက်အလက်များကို USIP ဝက်ဘ်စာမျက်နှာတွင် ရရှိနိုင်ပါသည်။

နိဂုံးချုပ်သုံးသပ်ချက်များနှင့် အကြံပြုချက်များကို USIP အဖွဲ့၏ အထူးအစီရင်ခံစာအဖြစ် ၂၀၁၀ခုနှစ် ဧပြီလတွင် ပုံနှိပ်ထုတ်ဝေမည် ဖြစ်သည်။ ယခုငြိမ်းချမ်းရေးဆိုင်ရာ အကျဉ်းချုပ်တင်ပြချက်ကို Brooking Institute မှ အဆင့်မြင့်ပညာရှင် Lex Rieffel နှင့် USIP အဖွဲ့၏ ရေရှည်တည်တံ့သည့် စီးပွားရေးစနစ်များဆိုင်ရာ ဗဟိုဌာနမှ တွဲဘက်ဒု-ဥက္ကဋ္ဌ Raymond Gilpin တို့က ရေးသားပါသည်။ ၎င်းစာရေးသူများ၏ အမြင်သည် သူတို့လုပ်ကိုင်နေကြသည့် အဖွဲ့၏အမြင်ကို ထင်ဟပ်ဖော်ပြသည်ဟု မယူဆစေလိုပါ။ သူတို့၏ ကိုယ်ပိုင်အမြင်သာ ဖြစ်ပါသည်။

United States
Institute of Peace

1200 17th Street NW
Washington DC 20036
202.457.1700

www.usip.org

USIP အဖွဲ့သည် ပဋိပက္ခများ ကာကွယ်နိုင်ရန်နှင့် အဆုံးသတ်စေရန်၊ တည်ငြိမ်မှု တိုးတက်လာစေရန်၊ ငြိမ်းချမ်းရေးတည်ဆောက်မှုနယ်ပယ်တွင် ပညာရပ်ပိုင်းဆိုင်ရာ စနစ်ကျနစေရန် သုံးသပ်မှုပေးခြင်း၊ လိုအပ်သည့် သင်တန်းနှင့် နည်းနာများ ပံ့ပိုးပေးနေပါသည်။

သတင်းမီဒီယာများက လေ့လာစုံစမ်းလိုပါက လူထုပြန်ကြားဆက်သွယ်ရေးရုံးသို့ ဆက်သွယ်စေလိုပါသည်။
ဖုန်း- 202.429. 4725

©USIP 2010 • All rights reserved.